Message Six

# ဘုရားဆိုင်ရာသဘောသဘာဝကို ပါဝင်ဆက်ဆံသူများနှင့် ထာဝရနိုင်ငံတော်အထဲသို့ ကြွယ်ဝစွာ ဝင်ရောက်ရခြင်းအတွက် ဘုရားဆိုင်ရာအသက်နှင့် ဘုရားဆိုင်ရာသဘောသဘာဝကို တိုးတက်ကြီးထွားစေခြင်း

ဖတ်ရန်ကျမ်း။ ။ ၂ပေ၊၁း၁၊ ၃-၁၁။ ၃း၁၈

**I. အဖိုးထိုက်သော ယုံကြည်ခြင်းကို အညီအမျှ ရရှိသူများအဖြစ် ခရစ်တော်၌ယုံကြည်သူများဖြစ်သော ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသဘောသဘာဝကို ပါဝင်ဆက်ဆံသူများ ဖြစ်သင့်ပေသည် - ၂ပေ၊၁း၄။**

A. ဘုရားဆိုင်ရာသဘောသဘာဝသည် ဘုရားသခင်ဖြစ်သောအရာ၊ ယင်းမှာ ဘုရားသခင့်ဖြစ်ခြင်း၏ ကြွယ်ဝခြင်းများ၊ ဒြပ်သဘာဝများနှင့် စေ့စပ်ထုံးဖွဲ့မှုများကို ရည်ညွှန်းသည် - ယော၊၄း၂၄။ ၁ယော၊၁း၅။ ၄း၈၊ ၁၆။

B. ဘုရားဆိုင်ရာအသက်နှင့် ဘုရားဆိုင်ရာသဘောသဘာဝသည် ခွဲခြားမရနိုင်သောအရာ ဖြစ်သည်။ ဘုရားဆိုင်ရာသဘောသဘာဝသည် ဘုရားဆိုင်ရာအသက်၏ ဒြပ်ကိုယ်ထည်ဖြစ်ပြီး ဘုရားဆိုင်ရာအသက်အတွင်း၌ ရှိသည် - ၁း၁-၂။ ၅း၁၁-၁၃။

C. ဘုရားသခင်၏သားများအဖြစ် ဘုရား-လူများဖြစ်သော၊ ဘုရားသခင်၏မွေးဖွားခံရသော ကျွန်ုပ်တို့သည် ဘုရားသခင်၏ အသက်နှင့် သဘောသဘာဝကို ပိုင်ဆိုင်ကြပြီး၊ ဘုရားသခင်၏မျိုးစိတ်များတွင် ပါဝင်ဆက်ဆံကြရသည် - ၃း၁။ ယော၊ ၁း၁၂-၁၃။

1. ကျွန်ုပ်တို့အသစ်တစ်ဖန်မွေးဖွားခြင်း၌ အခြားသဘောသဘာဝသည် ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးခံရသည်။ ဤအရာသည် ဘုရားသခင်၏သဘောသဘာဝ၊ ဘုရားဆိုင်ရာသဘောသဘာဝ ဖြစ်သည် - ၂ပေ၊၁း၄။
2. ဘုရားဆိုင်ရာသဘောသဘာဝသည် ဘုရားဆိုင်ရာအသက်၌ ရှိသောကြောင့် ကျွန်ုပ်တို့အသစ်တစ်ဖန်မွေးဖွားရာ ဘုရားဆိုင်ရာအသက်သည် အတွင်း၌ ဘုရားဆိုင်ရာ သဘောသဘာဝရှိသည် - ယော၊၃း၃၊ ၅-၆၊ ၁၅။
3. ဘုရားသခင့်သားတော်အထဲသို့ ယုံကြည်သူမှန်သမျှသည် ဘုရားသခင်၏မွေးဖွားခံရပြီး၊ ဘုရားသခင်၏သားဖြစ်လာရန် အခွင့်ရရှိလေသည်။ ထို့ကြောင့် ယုံကြည်သူတစ်ဦးသည် ဘုရားသခင်၏သဘောသဘာဝကို ပါဝင်ဆက်ဆံရန်၊ မွေ့လျော်ဝမ်းမြောက်ရန် အခွင့်ရှိလေသည် - ၁း၁၂-၁၃။

D. ဘုရားဆိုင်ရာသဘောသဘာဝကို ပါဝင်ဆက်ဆံသောသူသည် ဘုရားဆိုင်ရာသဘောသဘာဝကို မွေ့လျော်ဝမ်းမြောက်ကာ၊ ဘုရားဆိုင်ရာသဘောသဘာဝ၌ ပါဝင်ရသောသူ ဖြစ်သည် - ၂ပေ၊၁း၄။

1. ဘုရားဆိုင်ရာသဘောသဘာဝကို ပါဝင်ဆက်ဆံခြင်းမှာ ဘုရားသခင်ဖြစ်သောအရာကို မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်သည်။ ဘုရားဆိုင်ရာသဘောသဘာဝကို ပါဝင်ဆက်ဆံသူဖြစ်ခြင်းမှာ ဘုရားသခင့်ဖြစ်ခြင်း၏ ကြွယ်ဝခြင်းများ၊ ဒြပ်သဘာဝများနှင့် စေ့စပ်ထုံးဖွဲ့မှုများကို ပါဝင်ဆက်ဆံသူဖြစ်ခြင်း ဖြစ်သည် - ၁ပေ၊၁း၈။
2. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသဘောသဘာဝကို ပါဝင်ဆက်ဆံသောသူ ဖြစ်လိုလျှင် ဘုရားဆိုင်ရာသဘောသဘာဝ တည်းဟူသော အတွင်းမှ ဘုရားဆိုင်ရာအသက်အားဖြင့် အသက်ရှင်ရန် လိုအပ်သည် - ယော၊၁း၄။ ၁၀း၁၀။ ၁၁း၂၅။ ၆း၅၇ခ။

E. ကျွန်ုပ်တို့သည် ဘုရားသခင်၏ အဖိုးထိုက်တန်၍ အလွန်အမင်း ကြီးမြတ်သော ကတိတော်များမှတစ်ဆင့် ဘုရားဆိုင်ရာသဘောသဘာဝ၏ ကြွယ်ဝခြင်းများကို မွေ့လျော်ဝမ်းမြောက်ကြသည် - ၂ကော၊၁း၂၀။ မ၊၂၈း၂၀ခ။ ဧ၊၃း၂၀။

F. ဘုရားဆိုင်ရာသဘောသဘာဝကို ပါဝင်ဆက်ဆံသူဖြစ်ရန် သတ်မှတ်ချက်တစ်ခုရှိသည် - ယင်းမှာ တပ်မက်မှုအားဖြင့် လောက၌ရှိနေသော ဖောက်ပြန်ပျက်စီးခြင်းမှ ကျွန်ုပ်တို့လွတ်မြောက်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လွတ်မြောက်ခြင်းနှင့် ပါဝင်ဆက်ဆံခြင်း၊ ပါဝင်ဆက်ဆံခြင်းနှင့် လွတ်မြောက်ခြင်း၏ စက်ဝိုင်းတွင် အသက်ရှင်ရန် လိုအပ်သည် - ၂ပေ၊၁း၄။

G. ကျွန်ုပ်တို့သည် ဘုရားသခင်ကို မွေ့လျော်ဝမ်းမြောက်ပြီး၊ ကိုယ်တော့်ဖြစ်ခြင်းကြွယ်ဝခြင်းများကို ပါဝင်ဆက်ဆံမည်ဆိုလျှင် ကျွန်ုပ်တို့သည် ဘုရားသဘောသဘာဝဖြင့် စေ့စပ်ထုံးဖွဲ့ခံ၍၊ ဦးခေါင်းအရာ၌မဟုတ်ဘဲ အသက်နှင့်သဘောသဘာဝ၌ ဘုရားသခင်နှင့် တူညီလာကာ၊ ကျွန်ုပ်တို့ဖြစ်သမျှ၊ လုပ်ဆောင်သမျှ၌ ကိုယ်တော်ကို ထင်ရှားစေမည်ဖြစ်သည် - အငယ်၊၃။

H. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသဘောသဘာဝကို ပါဝင်ဆက်ဆံခြင်း၊ ဘုရားသခင်ဖြစ်တော်မူသမျှအားလုံးကို မွေ့လျော်ဝမ်းမြောက်ခြင်း ရှိသည်နှင့်အမျှ၊ ဘုရားသဘောသဘာဝ၏ ကြွယ်ဝခြင်းများသည် အပိုဒ်ငယ် ၅ မှ ၇ အထိ ဖော်ပြသည့်အတိုင်း အပြည့်အဝ တိုးတက်ကြီးထွားလာမည်ဖြစ်သည်။

**II. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အထဲသို့ မျိုးကြဲခဲ့ပြီးသော ဘုရားဆိုင်ရာမျိုးစေ့၌ ပါဝင်သော ဘုရားဆိုင်ရာအသက်နှင့် ဘုရားသဘောသဘာဝ၏ တိုးတက်ကြီးထွားခြင်းကို တွေ့ကြုံခံစားရန်လိုအပ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ထာဝရနိုင်ငံတော်အထဲသို့ ကြွယ်ဝစွာ ဝင်ရောက်ခွင့်ကို ရရှိမည်ဖြစ်သည် - အငယ်၊၁၊ ၄-၁၁။**

A. ကျွန်ုပ်တို့သည် အံ့သြဖွယ်ရာ အညီအမျှဖြစ်သော အဖိုးတန်သည့် ယုံကြည်ခြင်းကို ခွဲဝေပေးထားပြီးဖြစ်ကာ၊ ဤယုံကြည်ခြင်းသည် အရာအားလုံးပါဝင်သော မျိုးစေ့ဖြစ်သည် - အငယ်၊၁။

1. ဘုရားဆိုင်ရာကြွယ်ဝခြင်းများအားလုံးသည် ဤမျိုးစေ့၌ ပါရှိသည်၊ သို့သော် ကျွန်ုပ်တို့သည် ၎င်းကို တိုးတက်ကြီးထွားလာစေရန် ဖွံ့လုံ့လရှိရမည်။ ရင့်ကျက်ခြင်းသို့တိုင် ကြီးထွားခြင်းမှာ ကျွန်ုပ်တို့၌ရှိပြီးသားအရာကို တိုးတက်ကြီးထွားလာစေခြင်းဖြစ်သည် - အငယ်၊၁-၈။ ၃း၁၈။
2. ဤကောင်းမြတ်ခြင်းများကို တိုးတက်ကြီးထွားလာစေခြင်းအားဖြင့် ကျွန်ုပ်တို့ အသက်၌ ကြီးထွားကြကာ၊ နောက်ဆုံးတွင် ရင့်ကျက်ခြင်းသို့ ရောက်၍၊ ခရစ်တော်ဖြင့် ပြည့်ဝကြမည်၊ လာမည့်နိုင်ငံတော်၌ ရှင်ဘုရင်များဖြစ်ရန် အရည်အချင်းပြည့်မီခြင်းနှင့် စုံလင်တပ်ဆင်ခြင်း ခံရကြမည်ဖြစ်သည် - ဧ၄း၁၃-၁၅။ ကော၊၂း၁၉။ ၂ပေ၊၁း၁၁။
3. ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၏မျိုးစေ့မှ ကောင်းမြတ်ခြင်းနှင့် အသိပညာ၏ အမြစ်များ၊ မိမိကိုယ်ကိုထိန်းချုပ်ခြင်းပင်စသည်၊ သည်းခံခြင်းနှင့် ဘုရားဝတ်မွေ့လျော်ခြင်း အကိုင်းအခက်များ၊ ညီအစ်ကိုချင်းချစ်ခြင်းနှင့် ချစ်ခြင်းမေတ္တာ၏ အပွင့်ပွင့်ခြင်းနှင့် အသီးသီးခြင်းသို့တိုင် အပြည့်အဝ တိုးတက်ကြီးထွားခြင်းနှင့် ရင့်ကျက်ခြင်းသို့ ရောက်ရှိရန် လိုအပ်သည် - အငယ်၊၅-၇။

B. ယုံကြည်ခြင်း၌ ကောင်းမြတ်ခြင်းကို ထောက်မပေးခြင်းမှာ အညီအမျှ အဖိုးထိုက်တန်သော ယုံကြည်ခြင်းကို လေ့ကျင့်ခြင်း၌ ကောင်းမြတ်ခြင်းကို တိုးတက်ကြီးထွားစေရန်ဖြစ်သည် - ဘုရားဆိုင်ရာအသက်၏ စွမ်းအားသည် အားမာန်အပြည့်ရှိသော လုပ်ဆောင်ချက်၌ ထွက်ပေါ်လာခြင်းဖြစ်သည်။ ဤယုံကြည်ခြင်းကို လေ့ကျင့်လုပ်ဆောင်ရန် လိုအပ်သည်၊ သို့မှသာ ဘုရားဆိုင်ရာအသက်၏ ကောင်းမြတ်ခြင်းသည် နောက်ပိုင်းလိုက်လာသည့် အဆင့်များ၌ တိုးတက်ကြီးထွားလာ၍ ရင့်ကျက်ခြင်းသို့ ရောက်ရှိနိုင်မည်ဖြစ်သည် - အငယ်၊၅က။

C. ကောင်းမြတ်ခြင်းသည် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏သခင် ယေရှုကို သိကျွမ်းခြင်း၏ ပေါများကြွယ်ဝသော ထောက်ပံ့မစမှုကို လိုအပ်သည်။ ကျွန်ုပ်တို့၏ ကောင်းမြတ်ခြင်း၌ တိုးတက်ကြီးထွားစေရမည့် အသိပညာသည် ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ကယ်တင်ရှင်ကို သိကျွမ်းခြင်း၊ ဘုရားသခင်၏စီမံကိန်းကို သိကျွမ်းခြင်း၊ ယုံကြည်ခြင်းမှာ အဘယ်အရာဖြစ်ကြောင်း သိကျွမ်းခြင်းနှင့် ဘုရားဆိုင်ရာတန်ခိုး၊ ဘုန်းတော်၊ ကောင်းမြတ်ခြင်း၊ သဘောသဘာဝနှင့် အသက်ကို သိကျွမ်းခြင်းတို့ ပါဝင်သည် - အငယ်၊၅ခ။

D. မိမိကိုယ်ကို ထိန်းချုပ်ခြင်းသည် လူတစ်ဦးက မိမိအတ္တ၏ စိတ်ထက်သန်မှု၊ အလိုဆန္ဒများနှင့် အကျင့်များအပေါ် ထိန်းချုပ်မှုနှင့် တင်းကျပ်ကန့်သတ်မှုကို လေ့ကျင့်လုပ်ဆောင်ခြင်းဖြစ်သည်။ ထိုသို့သော မိမိကိုယ်ကိုထိန်းချုပ်ခြင်းသည် အသက်၌ သင့်လျော်မှန်ကန်စွာဦ ကြီးထွားခြင်းအတွက် အသိပညာ၌ လေ့ကျင့်လုပ်ဆောင်ဖို့ လိုအပ်သည် - အငယ်၊၆က။

E. သည်းခံခြင်းကို လေ့ကျင့်ခြင်းမှာ အခြားသူများကိုလည်းကောင်း၊ အခြေအနေများကိုလည်းကောင်း သည်းခံခြင်း ဖြစ်သည် - အငယ်၊၆ခ။

F. ဘုရားဝတ်မွေ့လျော်ခြင်းမှာ ဘုရားသခင်ကဲ့သို့ဖြစ်သော၊ ဘုရားသခင်ကို ထင်ရှားသော အသက်ရှင်ခြင်းပင် ဖြစ်ပေသည် - အငယ်၊၆။

G. ညီအစ်ကိုချင်းချစ်ခြင်း (ဖိလဒေလဖိ) သည် ညီအစ်ကိုချင်း စုံမက်ခြင်း၊ နှစ်လိုအားရခြင်းနှင့် ကျေနပ်ပျော်ရွှင်ခြင်းအားဖြင့် ပုံဖော်ထားသော ချစ်ခြင်းမေတ္တာရှိခြင်း ဖြစ်သည်။ ဘုရားသခင်ကို ထင်ရှားခြင်းရှိသော ဘုရားဝတ်မွေ့လျော်ခြင်း၌ ဤချစ်

ခြင်းမေတ္တာသည် ညီအစ်ကိုချင်းအတွက်၊ လောကထံသို့ ကျွန်ုပ်တို့၏သက်သေခံချက်အတွက်၊ အသီးကိုသီးခြင်းအတွက် မစမှုဖြစ်ရန် လိုအပ်နေသည် - အငယ်၊၇က။ ၁ပေ၊၂း၁၇။ ၃း၈။ ဂလ၊၆း၁၀။ ယော၊၁၃း၃၄-၃၅။ ၁၅း၁၆-၁၇။

H. ကျွန်ုပ်တို့အတွင်းရှိ ဘုရားဆိုင်ရာသဘောသဘာဝ၏ အဆုံးစွန် တိုးတက်ကြီးထွားခြင်းမှာ ချစ်ခြင်းမေတ္တာ - *အဂ္ဂါပေ* ဖြစ်ပြီး၊ ယင်းကို ဓမ္မသစ်ကျမ်း၌ ကိုယ်တော်၏သဘောသဘာဝ၌ ဘုရားသခင်ဖြစ်တော်မူသော ဘုရားဆိုင်ရာ ချစ်ခြင်းမေတ္တာအတွက် အသုံးပြုသော ဂရိစကားလုံးဖြစ်သည် - ၂ပေ၊၁း၇ခ။ ၁ယော၊၄း၈၊ ၁၆။

1. ကျွန်ုပ်တို့၏ ညီအစ်ကိုချင်းချစ်ခြင်းသည် ပို၍ဂုဏ်ရှိသော၊ မြင့်မြတ်သော ချစ်ခြင်းမေတ္တာအထဲသို့ တိုးတက်ကြီးထွားလာရန် လိုအပ်သည် - ၂ပေ,၁း၇ခ။
2. ဘုရားဆိုင်ရာသဘောသဘာဝကို ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်ခြင်း၌ ကျွန်ုပ်တို့သည် ခွဲဝေထားသော ယုံကြည်ခြင်း၏ ဘုရားဆိုင်ရာမျိုးစေ့သည် ဘုရားဆိုင်ရာဖြစ်သော၊ ပို၍မြင့်မြတ်သော ချစ်ခြင်းမေတ္တာ၌ ပြီးမြောက်ပြည့်စုံခြင်းသို့ တိုးတက်ကြီးထွားလာရန် လိုအပ်သည် - အငယ်၊၅-၇။
3. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာသဘောသဘာဝကို အဆုံးစွန်အထိ ပါဝင်ဆက်ဆံသောအခါ ကျွန်ုပ်တို့သည် ချစ်ခြင်းမေတ္တာဖြစ်သော ဘုရားသခင်နှင့် ပြည့်ဝကြပြီး၊ ကျွန်ုပ်တို့သည် ချစ်ခြင်း၏ ပုဂ္ဂိုလ်များ၊ ချစ်ခြင်းမေတ္တာကိုယ်တိုင်ပင်ဖြစ်လာကြသည် - ဧ၊၃း၁၉။

I. ဘုရားဆိုင်ရာအသက်၌ ဝိညာဉ်ရေးရာ ကောင်းမြတ်ခြင်းများကို တိုးတက်ကြီးထွားစေ၍၊ ဘုရားဆိုင်ရာအသက်၏ ကြီးထွားခြင်း၌ တိုးတက်လာခြင်းသည် ဘုရားသခင်က ကျွန်ုပ်တို့ကို ခေါ်ခြင်းနှင့် ရွေးချယ်တော်မူခြင်းကို တည်ကြည်ခိုင်မြဲမှုရှိစေသည် - ၂ပေ၊၁း၁၀။

J. ကျွန်ုပ်တို့သည် ထာဝရနိုင်ငံတော်အထဲသို့ ကြွယ်ဝစွာ ဝင်ရောက်ခွင့်အတွက် ဘုရားဆိုင်ရာအသက်နှင့် ဘုရားဆိုင်ရာသဘောသဘာဝ၏ ကြီးထွားမှုနှင့် တိုးတက်မှုကို ရှာဖွေဆည်းပူးရန် ဖွဲလုံ့လရှိသင့်ပေသည် - အငယ်၊၁၀-၁၁။

1. ဘုရားဆိုင်ရာအသက်နှင့် ဘုရားဆိုင်ရာသဘောသဘာဝ၏ တိုးတက်ခြင်း၌ ကျွန်ုပ်တို့မွေ့လျော်ဝမ်းမြောက်သော ကြွယ်ဝသည့် မစမှုသည် (အငယ်၊၃-၇) ကျွန်ုပ်တို့သခင်ဘုရား၏ ထာဝရနိုင်ငံတော်အထဲသို့ ကြွယ်ဝစွာ ဝင်ရောက်ခွင့်ကို ကျွန်ုပ်တို့အား ပေါများကြွယ်ဝစွာ မစပေးလိမ့်မည်ဖြစ်သည်။
2. ဤမစမှုသည် ဘုရားသခင်၏ ခမ်းနားထည်ဝါသော ဘုန်းတော်သို့တိုင် ကျွန်ုပ်တို့၏ သာလွန်ထူးကဲသော ကောင်းမြတ်ခြင်းများ (စွမ်းအား) အဖြစ် ဘုရားဆိုင်ရာအသက်နှင့် ဘုရားဆိုင်ရာ သဘောသဘာဝ၏ ကြွယ်ဝခြင်းများအားလုံးအားဖြင့် လာမည့်နိုင်ငံတော်အထဲသို့ ဝင်ရောက်ရန် ကျွန်ုပ်တို့ကို တတ်စွမ်းစေမည်၊ အရည်အချင်းပြည့်မီစေမည်ဖြစ်သည် - အငယ်၊၃။ ၁ပေ၊၅း၁၀။
3. အပြင်ပန်းအားဖြင့် ထာဝရနိုင်ငံတော်အထဲသို့ ဝင်ရောက်သူမှာ ကျွန်ုပ်တို့ဖြစ်သည်။ အမှန်စင်စစ် ထာဝရနိုင်ငံတော်အထဲသို့ ဝင်ရောက်ခြင်းမှာ ကျွန်ုပ်တို့အသက်၌ ကြီးထွားခြင်းမှုတစ်ဆင့်လည်းကောင်း၊ ကျွန်ုပ်တို့အတွင်းရှိ ဘုရားဆိုင်ရာအသက်၏ တိုးတက်ခြင်းမှုတစ်ဆင့်လည်းကောင်း ကျွန်ုပ်တို့ထံ ကြွယ်ဝစွာ မစပေးခြင်းပင် ဖြစ်သည်။

*© 2024 Living Stream Ministry*